# အင်းစိန်အကျဉ်းထောင်နှင့်လှေလှော်အင်းရဲဘက်စခန်းတို့သို့သွားရောက်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၁၁)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌခေါင်းဆောင်ပြီး စုစုပေါင်း (၈)ဦးပါ ကိုယ်စားလှယ်အဖွဲ့ သည် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင် သို့လည်းကောင်း၊ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် လှည်းကူးမြို့နယ်ရှိ လှေလှော်အင်းရဲဘက်စခန်းသို့လည်းကောင်း သွားရောက်ခဲ့သည်။ အစောပိုင်းကလည်း အဖွဲ့ဝင် (၄) ဦးပါ ကိုယ်စားလှယ် အဖွဲ့သည် မြစ်ကြီးနားအကျဉ်းထောင်သို့ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် သွားရောက်ခဲ့သည်။ ယင်းကဲ့သို့ သွားရောက်ခြင်းဖြင့် အကျဉ်းသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုနှင့် ပြစ်ဒဏ် အသီးသီးကျခံနေသည့် အကျဉ်းသားများ၏ အခြေအနေကို မျက်မြင်ကိုယ်တွေ့သိရှိလေ့လာခွင့်ရရှိခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးသော အကျဉ်းထောင်မှ တာဝန် ရှိပုဂ္ဂိုလ်များကို ကော်မရှင်အနေဖြင့် ကျေးဇူးတင်ရှိပါသည်။

၂။ အင်းစိန်အကျဉ်းထောင်နှင့် လှေလှော်အင်းရဲဘက်စခန်းတို့သို့ သွားရောက်စဉ် အကျဉ်းထောင် အရာထမ်းများက အကျဉ်းထောင်စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံအကျဉ်းထောင် လက်စွဲနှင့် အကျဉ်းသားများအား ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကုလသမဂ္ဂ၏ အနိမ့်ဆုံးစံနှုန်းများကို အခြေခံထားခြင်းဖြစ်ကြောင်း ကိုယ်စားလှယ်အဖွဲ့ကို ရှင်းပြခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် အကျဉ်းထောင်တွင် အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ အနားယူမှု၊ နေ့စဉ်အစားအစာ ကျွေးမွေးမှု၊ ဘာသာစကားနှင့် ကွန်ပျူတာသင်တန်း၊ ကျောင်းပညာရေးသင်ကြားပေးမှုနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ဆောင်ရွက်ပေးလျက် ရှိကြောင်းကို လေ့လာတွေ့ရှိခဲ့ရသည်။

၃။ အကျဉ်းထောင်တွင်း၌ မကြာသေးမီက အစာငတ်ခံဆန္ဒပြခဲ့ကြသော အကျဉ်းသားများကို “ခွေးတိုက်”၌ ထားကြောင်း၊ နှိပ်စက်မှုပြုကြောင်း၊ သောက်ရေကိုပင်မပေးကြောင်းဖြင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ၏ စွပ်စွဲချက်များကို ကော်မရှင်တွင် လက်ခံရရှိခဲ့သည်။

၄။ သို့ဖြစ်ရာ အကျဉ်းထောင်သို့ သွားရောက်စဉ်တွင် မကြာသေးမီက အစာငတ်ခံဆန္ဒပြခဲ့သော အကျဉ်းသားများအနက် (၃)ဦးကို ကိုယ်စားလှယ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

၅။ တွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားအားလုံးက ၎င်းတို့အား သောက်ရေမပေးဟုဆိုခြင်း မှာ မဟုတ်မှန်ကြောင်းနှင့် ဆန္ဒပြနေစဉ်နှင့် ဆန္ဒပြပြီးကာလနှစ်ရပ်စလုံးတွင် ဆေးဝါး ပြုစု

စောင့်ရှောက်မှုကို စီစဉ်ပေးကြောင်းပြောကြားသည်။ ထို့အပြင် "ခွေးတိုက်"၌ ထားသည်ဆိုခြင်း မှာလည်း မဟုတ်မှန်ကြောင်း တွေ့ရှိရသည်။အစာငတ်ခံဆန္ဒပြသူ တစ်ယောက်စီကို သန့်ရှင်း၍ လေဝင်လေထွက်ကောင်းသော (၁၀)ပေ x (၂၂)ပေ ကျယ်ဝန်းသည့် အကျဉ်းခန်း အသီးသီးတွင် ထားရှိပါသည်။

၆။ လေ့လော့်အင်းရဲဘက်စခန်းသို့ သွားရောက်စဉ်တွင် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် စခန်း၌ ဆောင်ရွက်ပေးထားမှုများကို လေ့လာ၍ ရဲဘက်အချို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။အဆိုပါ ရဲဘက် များက ၎င်းတို့၏ အမြင်နှင့် စိုးရိမ်ပူပန်မှုတို့ကို ပွင့်လင်းစွာ ပြောကြားကြသည်။ ရဲဘက်စခန်းမှ တာဝန်ရှိသူများကလည်း ရဲဘက်များ၏တင်ပြချက်များကိုဆောင်ရွက်ပေးနိုင်ရန်အတွက် မှတ်သား ခဲ့ ကြပါသည်။

၇။ အကျဉ်းထောင်နှင့် ရဲဘက်စခန်းတို့သို့ သွားရောက်လေ့လာမှုနှင့် တွေ့ဆုံမေးမြန်းမှုများကို အခြေခံကာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အောက်ပါအတိုင်း သုံးသပ် အကြံပြုအပ်ပါသည်-

- အင်းစိန်အကျဉ်းထောင်၌ထားရှိသည့် အကျဉ်းသားအရေအတွက်သည် အများဆုံး ထားရှိနိုင်သည့် အရေအတွက်ထက် များစွာကျော်လွန်လျက် ရှိပါသည်။ အကျဉ်း ထောင်အတွင်း ကျပ်တည်းစွာ နေထိုင်ရမှုသည် အကျဉ်းသားများ အဆင်မပြေမှု များ၏ အခြေခံအကြောင်းတရားဖြစ်သဖြင့် အဆိုပါအခြေအနေကို အချိန်မီအရေးယူ ဆောင်ရွက်သင့်ပါသည်။
- တရားစခန်းများဖွင့်လှစ်ပေးထားခြင်းသည် ရေရှည်တွင် အကျဉ်းသားများ၏ စိတ် အခြေအနေကို သိမ်မွေ့စေနိုင်သည်ဟု ကော်မရှင်အနေဖြင့် ရှုမြင်ပါသည်။ အဆိုပါ အစီအစဉ်ကို ဆက်လက် ဆောင်ရွက်သင့်ပါကြောင်း အလေးအနက် အကြံပြုအပ် ပါသည်။
- ပရိုတက်စတင့် ခရစ်ယာန်ဘာသာဝင်များအတွက် ကျမ်းစာလေ့လာမှု၊ ကက်သလစ် ဘာသာဝင်များအတွက် အာပတ်ဖြေမှု နှင့် ကိုယ်တော်မြတ်ပင့် ယူနိုင်ရေးတို့အတွက် လည်းကောင်း၊ မွတ်ဆလင်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များအတွက် ဘာသာရေး အစီအစဉ်များကို လည်းကောင်း သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေး သင့်ပါသည်။ ဤကိစ္စ နှင့်ပတ်သက်၍ အကျဉ်းထောင်ဝင်းအတွင်း၌ ခရစ်ယာန်

ဘုရား ရှိခိုးကျောင်း၊ ဗလီ၊ ဟိန္ဒူဘုရားကျောင်းနှင့် ဗုဒ္ဓဘာသာ ဓမ္မာရုံတို့ကို တွေ့ရှိရသဖြင့် ကော်မရှင် အနေဖြင့် ဝမ်းမြောက်မိပါသည်။

၈။ တွေ့ဆုံမေးမြန်းခဲ့သောအကျဉ်းသားများအနေဖြင့် နိုင်ငံတော်သမ္မတက ထပ်မံ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိမ့်မည်ဟုစိတ်အားထက်သန်စွာမျှော်လင့်နေကြကြောင်းဖြင့် ထုတ်ဖော်ပြောကြားကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကော်မရှင်သည် ကျန်ရှိနေသော အကျဉ်းသားများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိပါးခြင်းမရှိနိုင်သည့် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါရန် ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့က နိုင်ငံတော်သမ္မတထံ တင်ပြမေတ္တာရပ်ခံခဲ့ပါသည်။ အဆိုပါ မေတ္တာရပ်ခံချက်ကို ကော်မရှင်က လေးနက်စွာ ထပ်လောင်း တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ၃၀ရက်
ရန်ကုန်မြို့